# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# စတုတ္ထနေ့အစီအစဉ်

# [၂၈–၆–၂၀၁၃] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြိုယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာတင်မောင်ကြိုင်၊ ကြံခင်း မဲဆန္ဒနယ်၏ **စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်းမစမီ ရန်ပုံငွေများကို ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဝင်းမြင့်၊ ပြည် မဲဆန္ဒနယ်၏ **ပြည်–အောင်လံ လမ်းပိုင်း (၁/၁၈၅) တံတားအား သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးကျော်နီနိုင်၊ လောက်ကိုင် မဲဆန္ဒနယ်(ကိုယ်စား) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လောက်ကိုင်မြို့တွင် ဖုန်းများ တစ်လလျှင် ၅ ရက်ခန့် လိုင်းပြတ်တောက်ခြင်းအား မည်သို့ ဆောင်ရွက်ပေးမည်နှင့် ကုန်းကြမ်းမြို့နယ်၊ ကျေးလက်ဒေသ GSM/ UMTS မိုဘိုင်း တယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေး စီမံကိန်းကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက် ပေးမည်ကို သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်၏ **လက်ကိုင်ဖုန်းများ၏ ပြောဆိုဆက်သွယ်ခကို တစ်မိနစ်လျှင်(၅၀)ကျပ်နှုန်းမှ (၅)ကျပ်နှုန်းသို့ လျှော့ချပေးရန် လက်ကမ်းအဆိုပြုလာသည့် ကုမ္ပဏီများ ရှိ/မရှိနှင့် မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းက ဦးဆောင်လျှော့ချ သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်၏ **နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆွမ္မရာမြို့နယ်ခွဲ၊ မိုပိုင်းလွှတ်မြို့နယ်ခွဲ၊ ဒုံဟီးမြို့နယ်ခွဲ၊ ထန်ပါခွေမြို့နယ်ခွဲများတွင် မိုဘိုင်းဆက်သွယ်ရေး တယ်လီဖုန်းများ ချထားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ချီဖွေ မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ကို မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆင့်သို့ တိုးမြှင့်ပေးရန်နှင့် လုံခြုံမှုမရှိသော ဘဏ်အဆောက်အဦကို အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **ခမ်းပါတ်မြို့နယ်ခွဲတွင် မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **ငွေအကြွေစေ့များ ပြန်လည်သုံးစွဲလာရန်နှင့် ငွေစက္ကူ တစ်ကျပ်၊ ငါးကျပ်၊ တစ်ဆယ်ကျပ်၊ ငါးဆယ်ကျပ်၊ တစ်ရာကျပ်တန်များအား လုံလောက်စွာ သုံးစွဲနိုင်ရေး အတွက် နိုင်ငံတော်အနေဖြင့် ထုတ်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်၏ **ပုဂ္ဂလိကပိုင် အဆောက်အဦများကို ဌာနဆိုင်ရာများမှ ငှားရမ်းသုံးစွဲရာတွင် အိမ်ငှားခနှုန်းထားများကို ယနေ့ခေတ် ကုန်ဈေးနှုန်းများနှင့် လျော်ညီသော နှုန်းထားကို ပေးခဲ့ခြင်းမရှိသောကြောင့် ပြည်သူများ၏ အနိုင်ကျင့်ခံရသော တင်ပြချက်အပေါ် ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **အိမ်၊ ခြံ၊ မြေ ဝယ်ယူမှုများနှင့် ပတ်သက်၍ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်များ မတရားဆုံးရှုံးနစ်နာနေရသည်ကို ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့် စိစစ်ကုစားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **“ အမျိုးသား အစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။